မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 29 , 2026 Volume 98, Number 20

၂၉. ၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၅၁၂.၈၆ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၆၆၁.၄၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၉၀၃.၇၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၃.၁၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၃၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၃၇ ကျပ် |

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မတ်ပဲဈေး သိန်း ၃၀ နီးပါး ပြန်လည်ရောက်ရှိလာ




ယခု ၂၀၂၆ ခုနှစ်ပထမလ အတွင်း ကျဆင်းနေသည့် မတ်ပဲဈေး သိန်း ၃၀ နီးပါး ပြန်လည်ရောက်ရှိလာကြောင်း ကုန်သည်များနှင့် ပွဲရုံဈေးကွက်များထံမှ သိရသည်။

အိန္ဒိယနိုင်ငံတွင် မိုးတွင်းကာလက စိုက်ခင်းများပျက်စီးခဲ့၍ အထွက်နှုန်းကျဆင်းခဲ့ပြီး လက်ရှိ အဆိုပါနိုင်ငံတွင် သုံးစွဲမှုများနေသည့်အတွက်ကြောင့် လိုအပ်ချက်များနေ၍ ဈေးတက်နေကြောင်း သိရသည်။

ထိုသို့ သိန်း ၃၀ နီးပါး ရောက်ရှိလာသော်လည်း ယခင်ကကျဆင်းခဲ့သည့် ပဲဈေးအား ပြန်လည်ဆွဲတင်သည့်သဘောသာဖြစ်၍ ပဲဈေးမြင့်တက်လာသည့်ဟု ပြောလို့မရသေးကြောင်း ဈေးကွက် နားလည်သူများက သုံးသပ်ကြသည်။

"မတ်ပဲဈေးကောင်းတယ်လို့ ပြောလို့မရသေးဘူး ဈေးကျသွားတာကို ပြန်ဆွဲတင်လာတဲ့ သဘောပဲ ရှိသေးတယ် ထပ်ပြီးဈေးတက်လာမယ်ဆိုမှ ဈေးကောင်းတယ်လို့ဆိုရမယ်။ အခုတော့ စောင့်ကြည့်ရမဲ့ အနေအထားပါ၊ ဒီလက အိန္ဒိယပွဲတော်တွေရှိတော့ မတ်ပဲ သုံးစွဲသူများပြီး ဈေးတက်လာတယ်လို့ဆိုရမယ်''ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက မတ်ပဲ (FAQ ) တစ်တန်ကို၂၆ သိန်း ကျပ်ထိ ကျဆင်းခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မတ်ပဲတစ်တန်လျှင် ၂၉၈၆၀၀၀ ကျပ်ထိ ပြန်လည် ရောက်ရှိလာကြောင်း သိရသည်။

ပြည်ပ ပေါက်ဈေးပါ မြင့်တက်လာပြီး ပြီးခဲ့သည့်လက FOB ဈေးအနေဖြင့် FAQ မတ်ပဲတစ်တန်လျှင် ၇၁၅ဒေါ်လာသာရှိခဲ့ပြီး ယခုလမှာတော့ ၇၆၀ ဒေါ်လာ မှ ၇၇၀ ဒေါ်လာထိ မြင့်တက်လာကြောင်း သိရသည်။

"အရင်လတွေက မတ်ပဲဈေးက တော်တော်ကျသွားတယ်၊ ပဲစင်းငုံဈေးနဲ့ မတ်ပဲဈေးနဲ့ဆို အရင်က ဈေးတော်တော်ကွာတယ်။ ကျသွားလိုက်တာ ပဲစင်းငုံဈေး နဲ့ တန်းတူထိ ဆင်းသွားတယ်။ ဒါပေမဲ့ အိန္ဒိယရဲ့ လိုအပ်ချက်ကြောင့် ပဲစင်းငုံးက ပြန်တက်သွားတာ သိန်း ၃၀ အထက်ထိပဲ၊ အခု မတ်ပဲဈေးပြန်တက်လာတာ ပဲစင်းငုံဈေးကို မမှီသေးဘူး နောက်ပိုင်းတော့ မတ်ပဲဈေးကောင်း ရနိုင်ပါတယ်''ဟု အောင်လံမြို့မှ ပဲကုန်သည်တစ်ဦးကဆိုသည်။

လက်ရှိ အိန္ဒိယနိုင်ငံမှာ ပဲလိုအပ်ချက်များ ဆက်လက်မြင့်တက်နိုင်တာကြောင့် မတ်ပဲဈေးများ ဆက်လက်မြင့်တက် လာနိုင်တယ်ဟုသိရပြီး မတ်လနှင့် ဧပြီလမှာတော့ မတ်ပဲအသစ်တွေအဝင်များ၍ ဈေးပြန်အေးသွားနိုင်ကြောင်း၊ စက်တင်ဘာနှင့် အောက်တိုဘာလမှာတော့ အမြင့်ဆုံးဈေးအထိ ပြန်လည်ရောက်ရှိနိုင်ကြောင်းဈေးကွက် ပညာရှင်များက သုံးသပ်ထားကြသည်။

လက်ရှိပြည်ပတင်ပို့နေသည့် ပဲများမှာ ဈေးကောင်းနေပြီး ပဲစင်းငုံနီဈေးမှာလည်း တစ်တန်လျှင် ၃,၂၉၁,၀၀၀ ကျပ် အထိ ဆက်လက်မြင့် တက်နေကြောင်း သိရသည်။

အိန္ဒိယအစိုးရအနေဖြင့် မတ်ပဲလွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ သက်တမ်းတိုးထားကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံမှပဲများကို အိန္ဒိယနိုင်ငံသို့ ၇၅ ရာခိုင်နှုန်းထိ တင်ပို့နေပြီး သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနဲ့ UAE နိုင်ငံများကိုလည်း ပဲမျိုးစုံတင်ပို့နေကြောင်းသိရသည်။

**Source :** https://htwettoe.com/

## သာစည်နှင့်သပြေဝရှိ ဆိုလာစီမံကိန်းနှစ်ခု မကြာမီပြီးစီးမည်



သာစည်နဲ့ သပြေဝမှာရှိတဲ့ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းနှစ်ခု မကြာမီပြီးစီးတော့မှာဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ကနေ သိရပါတယ်။

သာစည် ၄၀ မဂ္ဂါဝပ် စီမံကိန်းကို Leader Power Energy Co., Ltd. က တာဝန်ယူတည်ဆောက်နေပြီး သပြေဝ ၄၀ မဂ္ဂါဝပ် စီမံကိန်းကိုတော့ Hanzar Solar Energy Co., Ltd. က အသစ်တည်ဆောက်နေတာပါ။

အဆိုပါ ဆိုလာစီမံကိန်းနှစ်ခုပြီးစီးပါက ထွက်ရှိလာမဲ့ ဓာတ်အားပမာဏ ၈၀ မဂ္ဂါဝပ်ကို အမျိုးသားဓာတ်အားကွန်ရက် (National Grid) ထဲ ဓာတ်အားပို့လွှတ်နိုင်မယ်လို့ သိရပါတယ်။

နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ရေးအတွက် စီမံကိန်းအသစ်တွေကို လုပ်ငန်း လျာထားချက်များအတိုင်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြဖို့ကော်မရှင်ဥက္ကဋ္ဌကပြောပါတယ်။

လက်ရှိမှာ သာစည်နဲ့သပြေဝက နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ (၃) ရုံကနေ ၉၀ မဂ္ဂါဝပ် ပို့လွှတ်နေပြီး ၂၁၀ မဂ္ဂါဝပ်ထွက်ရှိအောင် ဓာတ်အားပေးစက်ရုံတွေ တိုးချဲ့တည်ဆောက်သွားဖို့ရှိပါတယ်။

ဒါ့ပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်မှာလည်း Shwe Myoh Energy Engineering Co., Ltd. ကလည်း ရွှေမြို့ ၃၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်လျက်ရှိပါတယ်။

**Source : BETV Business**

## မအူပင်မြို့နယ် အတွင်းသို့ ဝင်ရောက်နေသော ဖရဲသီးအကြားဈေးကွက်



ပဲခူးမြို့နယ်ဘက်မှ ထွက်ရှိသော ဖရဲကျားသီးများ မအူပင်မြို့နယ် သစ်သီဝလံဈေးကွက်ထဲသို့ ဇန်နဝါရီလ တတိယပတ်မှ စတင်ဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ဖရဲသီးနဲ့ ဖရဲ-855 မျိုးများ ဝင်ရောက်နေပြီး ဈေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပဲခူးဖရဲစိုက်ပျိုးတောင်သူများထံချိတ်ဆက်၍ ဖရဲသီးကုန်သည်များ ဝယ်ယူရောင်းချခြင်းဖြစ်ကြောင်း ဖရဲသီးဈေးနှုန်းအနေဖြင့် မအူပင်ဈေးကွက်အတွင်း ၁လုံးလျှင် ၁၀,၀၀၀-၁၃၀,၀၀၀ ကျပ်၊ ကျောက်စိမ်းဖရဲသီး ၁လုံးလျှင် ၅၀၀၀-၆၀၀၀ ကျပ်ဖြင့် လက်လီရောင်းချပေးလျက်ရှိသည်။

ပဲခူးဘက်မှ ဖရဲခင်းပြတ်မှာယူပြီး ကုန်ကားဖြင့်သယ်ယူရောင်းချကြောင်း ဖရဲများကို ဇန်နဝါရီလမှဧပြီလအထိ မှာယူရောင်းချသွားမည်ဖြစ်ကြောင်း ပွင့်လင်းသောရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ဖရဲသီရောင်းအားကောင်းလျက်ရှိသည်။

ဖရဲသီးများကို အလုံးလိုက်ရောင်းချသလို၊ ဖရဲသီးစိပ်ရောင်းချပြီး ဖရဲသီး ၁ စိပ်လျှင် ၁၅၀၀ ကျပ်ဖြင့် ရောင်းချပါက ၁၀ စိပ်ထွက်ရှိ၍ အမြတ် ၃၀၀၀ ကျပ်ကျန်ရှိကြောင်းနှင့် ဖရဲအခင်းပြတ်နှင့် သယ်ယူစရိတ် ၁၅ သိန်းရင်းနှီးပါက အကျိုးအမြတ် ၅သိန်းကျပ်ခန့် ကျန်ရှိကြောင်း’ ယခင်နှစ်ကဖရဲရောင်းချမှုအကျိုးအမြတ်နည်း၍ရောင်းအားကောင်းခဲ့ခြင်းမရှိ၍ ယခုနှစ် အကျိုးအမြတ်ကျန်ရှိရန် မျှော်လင့်လျက်ရှိကြောင်း ဖရဲသီးရောင်းချသူများထံက သိရသည်။

**Source : DOCA(ဧရာဝတီ)**

## အာဆီယံသန့်ရှင်းသောခရီးသွားမြို့တော်ဆု ဘားအံမြို့ရရှိ



ကရင်ပြည်နယ်ရဲ့ မြို့တော်ဘားအံမြို့ဟာ ၂၀၂၆ ခုနှစ်အတွက် ပဉ္စမအကြိမ်မြောက် အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်ဆုကို ရရှိခဲ့တယ်လို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက သိရပါတယ်။

ထို့ပြင် ဘားအံမြို့ဟာ ၂၀၂၅ ခုနှစ်အတွက် ၆ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသောမြို့ကြီးများဆုကိုလည်း ရရှိခဲ့ပါတယ်။

ကရင်ပြည်နယ်ဟာ သဘာဝတောတောင်ရေမြေ ခရီးသွားအရင်းအမြစ် အခြေခံကောင်းတွေ ပေါကြွယ်ဝတာကြောင့် နိုင်ငံရဲ့ခရီးစဉ်ဒေသတွေမှာ ထင်ပေါ်ကျော်ကြားနေတာ ဖြစ်ပါတယ်။

ကရင်ပြည်နယ်ကို ၂၀၂၄ ခုနှစ်မှာ ပြည်တွင်းပြည်ပခရီးသည်ဝင်ရောက်မှုက ၄၆၈,၀၀၀ ကျော် လာရောက် လည်ပတ်ခဲ့ပြီး ၂၀၂၅ ခုနှစ်မှာ ၆ သိန်း ၉ ထောင့် ၉ ကိုးရာကျော် လာရောက်လည်ပတ်ခဲ့ပြီး ဒီလိုလာရောက် လည်ပတ်ခဲ့တာကြောင့် ဟိုတယ်နဲ့တည်းခိုရိပ်သာတွေကနေ ဝင်ငွေ ၉၄ ဒသမ ၆၃ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## မုံရွာမြို့နယ်၌ ဆောင်းငရုတ်စိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်အတွင်းရှိ နဂါးတွင်း၊ ဖုံတို၊ ဘုမ္မနိုး စသည့်ကျေးရွာများတွင် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ကြက်သွန်နီ၊ နှမ်း၊ ပဲမျိုးစုံသီးနှံများကို အဓိက စိုက်ပျိုးကြပြီး စားဖိုဆောင်သုံး သီးနှံတစ်မျိုး ဖြစ်သည့် ငရုတ်သီးနှံကို ဘုမ္မနိုးကျေးရွာတွင် စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးစိုက်ပျိုးရန် မျိုးစေ့များကို သာမိုတစ်ထုပ် ၆၅,၀၀၀ကျပ် ၊မောင်တိန်တစ်ထုပ် ၉၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူရကြောင်း၊ စိုက်ပျိုးရာတွင် ငရုတ်မျိုးစေ့များကို စက်တင်ဘာလတွင် ပျိုးအိတ်ဖြင့် ပျိုးထောင်ကာ အောက်တိုဘာလတွင် ပျိုးပင်သက်တစ်လသားခန့်အပင်အား မြေချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် သာမိုစိုက်ပျိုးလျှင် တစ်ဧက ၆ ထုပ်၊ မောင်တိန်စိုက်ပျိုးလျှင် ၇ ထုပ် စိုက်ပျိုးရပြီး တစ်ပင်နှင့် တစ်ပင် တစ်တောင်ကွာ စိုက်ပျိုးရကြောင်း၊ ဒီဇင်ဘာလနှင့်ဇန်နဝါရီတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သာမို-၁၁ ငရုတ်မျိုးနှင့် မောင်တိန်- ၀၄၄ ငရုတ်မျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁,၇၀၀,၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကလျှင် အထွက်နှုန်း ငရုတ်အစို ပိဿာ ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဇန်နဝါရီလ တတိယပတ်တွင် ရောင်းချနေသော ဈေးနှုန်းများမှာ ငရုတ်သီးစိမ်းလက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၃၅ သိန်း ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မုံရွာနှင့် ပွဲစားများက မန္တလေးကုန်စိမ်းဒိုင်များသို့ တိုက်ရိုက်တင်ပို့ ရောင်းချကြောင်း၊ယခုနှစ်တွင် ငရုတ်သီးနှံအထွက်နှုန်းကောင်းမွန်ပြီးဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ဒေသထွက်နေလှန်းဆားများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ်၌ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ်ဇန်နဝါရီလ ပထမပတ်မှစ၍ ဒေသထွက်နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"လက်ရှိမှာ နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်ချိန်ဆိုတော့ အဲဒီလုပ်ငန်းတွေမှာအသုံးပြုလို့ဆားအရောင်းအဝယ် ကောင်းလာတာပါ" ဟု ၎င်းကပြောသည်။

ငပုတောမြို့နယ်၌ ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျသန့်စင်ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိကထားအသုံးပြုကြကြောင်း သိရသည်။

**Souce:** https://www.myawady.net.mm/eco_news

## စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့(Singapore Tourism Board-STB)နှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(China Council for the Promotion of International Tarde) တို့အကြား စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ပြပွဲလုပ်ငန်းကဏ္ဍ ပူးပေါင်းမှုနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့(Singapore Tourism Board-STB)နှင့် တရုတ်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ(China Council for the Promotion of International Tarde-CCPIT)တို့အကြား စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ပြပွဲလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါနားလည်မှုစာချွန်လွှာမှာ ၃ နှစ်သက်တမ်းဖြစ်ပြီး ပြပွဲစီစဉ်ကျင်းပမှု လွယ်ကူစေရေးအထောက်အကူ(Exhibition Facilitation Support)၊ ပူးတွဲမြှင့်တင်ရေးလုပ်ငန်းများ(Joint Promotion Efforts)၊ အစည်းအဝေး၊ ဆွဲဆောင်မှုအခွင့်အရေး၊ ညီလာခံနှင့် ပြပွဲအခမ်းအနား(MICE) ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေခြင်း(Deepening MICE Exchange and Cooperation) စသည့်နယ်ပယ် ၃ ခုကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်သည်။

CCPIT အနေဖြင့် တရုတ်ပြပွဲစီစဉ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို စင်ကာပူနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့်ကုန်သွယ်ရေးပြပွဲများကျင်းပပြုလုပ်ရန် တိုက်တွန်းသွားမည်ဖြစ်ပြီး STB အနေဖြင့် တရုတ်ပြပွဲစီစဉ်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများကို အစိုးရဌာနများနှင့်ဆက်ဆံရေး၊ လုပ်ငန်းချိတ်ဆက်မှုများ လွယ်ကူချောမွေ့စေရေးအပါအဝင် လိုအပ်သည့် အကူအညီများပံ့ပိုးပေးမည်ဖြစ်သည်။

CCPIT နှင့်STB တို့သည် အဆင့်မြင့်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနည်းစေသည့်စွမ်းအင်(clean energy)၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုစသည့် အဓိကစီးပွားရေးကဏ္ဍများတွင် အများပြည်သူပိုမိုသိရှိစေပြီး အပြည်ပြည်ဆိုင်ရာပြပွဲကြီးများ ကျင်းပနိုင်ရေးကို အားပေးသွားမည်ဖြစ်သည်။

စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို ချဲ့ထွင်နိုင်ရန်နှင့် ကမ္ဘာ့စီးပွားရေးဝန်းကျင်တွင် ပါဝင်ဆောင်ရွက်နိုင်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်သည်။

CCPIT နှင့် STB တို့သည် အသိပညာဖလှယ်မှုကို အားပေးဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းမှုစသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မှုကို ရှာဖွေခြင်း၊ ပြပွဲကျင်းပရေးလုပ်ငန်းကဏ္ဍတွင် အတတ်ပညာရှင်များကို မွေးထုတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"နားလည်မှုစာချွန်လွှာသည် ပြပွဲကျင်းပရေးလုပ်ငန်းကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသည့် သဘောတူညီချက်ဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား စက်မှုလုပ်ငန်းကဏ္ဍအတွက် အရေးပါပြီး ဒေသတွင်းစီးပွားရေးကောင်းမွန်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ CCPIT နှင့် STB အကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုမှ တစ်ဆင့် အဓိကစီးပွားရေးလုပ်ငန်းများတွင် စီးပွားရေးဆိုင်ရာပြပွဲများကျင်းပခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များဖြစ်ပေါ်စေမည်ဖြစ်ကြောင်း" CCPIT ၏ ပြပွဲစီမံခန့်ခွဲမှုဌာနညွှန်ကြားရေးမှူးချုပ် Mr. Wu Shengrong က ပြောကြားခဲ့သည်။

"CCPIT နှင့်ပူးပေါင်းဆောင်ရွက်မှုသည် STB အတွက် အပြည်ပြည်ဆိုင်ရာ စီးပွားရေးပြပွဲများ ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသည့်ဆောင်ရွက်မှုတစ်ခုဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံတွင် ကျင်းပသည့် စီးပွားရေးဆိုင်ရာပြပွဲများတွင် တရုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုပါဝင်လာရန်ဖိတ်ခေါ်ကြောင်း၊ မဟာဗျူဟာကျသည့် စီးပွားရေးလုပ်ငန်းများနှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများမှတစ်ဆင့် စင်ကာပူနိုင်ငံသည် လျင်မြန်တိုးတက်လာသည့် အာရှပစိဖိတ်

ဒေသသို့ ယုံကြည်စိတ်ချရသည့် ဝင်ပေါက်တစ်ခုဖြစ်ကြောင်း” STB ၏ ပြပွဲနှင့်ညီလာခံဌာန အလုပ်အမှုဆောင်ညွှန်ကြားရေးမှူး Mr. Poh Chi Chuan က ပြောကြားခဲ့သည်။

**Source: စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ (Singapore Tourism Board–STB)**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် အခွန်သတ်မှတ်မှုသည် စင်ကာပူနိုင်ငံအပေါ် အနည်းငယ်သာ သက်ရောက်မှုရှိနိုင်

မကြာသေးမီက အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် အခွန်နှုန်းသတ်မှတ်မှုဆိုင်ရာ ကြေညာချက်သည် စင်ကာပူနိုင်ငံ၏ Chip ထုတ်လုပ်မှုလုပ်ငန်းအပေါ် သိသာသည့် သက်ရောက်မှုမရှိနိုင်ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက The Straits Times ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုးထားသည့် ကြေညာချက်အရ အဆင့်မြင့် chip များနှင့် ဆင့်ပွားထုတ်ကုန်များ(specified derivative products) ကို အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းရာတွင် အခွန် ၂၅ ရာခိုင်နှုန်း ကျသင့်မည်ဖြစ်သည်။

ထိုင်ဝမ်တွင်ထုတ်လုပ်ပြီး AI ဒေတာစင်တာများတွင် အများဆုံးအသုံးပြုသည့် Nvidia ၏ H200 နှင့် AMD ၏ MI325X တို့ကဲ့သို့သောအဆင့်မြင့် chip များအပေါ် အခွန်ကောက်ခံသွားမည်ဖြစ်ပါသည်။ ပြည်ပဈေးကွက်များသို့ သင်္ဘောတင်ခြင်းမပြုမီ နောက်ဆုံးအဆင့်ကုန်ချောပြုလုပ်ရန်အတွက် အမေရိကန်နိုင်ငံသို့ တင်သွင်းသည့်အချိန်တွင် chip အပေါ် အခွန်ကောက်ခံမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ကြေညာချက်တွင် အမေရိကန်နည်းပညာကဏ္ဍတိုးတက်မှု သို့မဟုတ် အမေရိကန်နိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းကုန်ထုတ်စွမ်းအားကို အထောက်အကူဖြစ်စေမည့် chip များတင်သွင်းမှုအပေါ် သက်ရောက်မှုမရှိကြောင်း၊ ကုန်သွယ်ရေးအတွင်းရေးမှူး Howard Lutnickနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Jamieson Greer တို့ကို တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်သွင်းမှုနှင့်စပ်လျဉ်း၍ ကုန်သွယ်ဖက်နိုင်ငံများနှင့်ညှိနှိုင်းရန်နှင့် အစီရင်ခံစာကို ရက် ၉၀ အတွင်းတင်ပြရန် ညွှန်ကြားထားကြောင်းဖော်ပြထားသည်။

အဆိုပါအစီရင်ခံစာများအပေါ် မူတည်၍ အမေရိကန်သမ္မတအနေဖြင့် အခွန်နှုန်းများထပ်တိုးသတ်မှတ်ခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးသောအားဖြင့် အခွန်သတ်မှတ်မှုအစီအစဉ်များစသည်တို့ကို ထုတ်ပြန်နိုင်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံ၏တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံ၏ပို့ကုန်အထူးပြုကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အဓိကမဏ္ဍိုင်ဖြစ်သည်။

ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍနှင့် ကနဦးဆန်းစစ်ချက်များအရ ဇန်နဝါရီလ ၁၄ ရက်နေ့က ကြေညာခဲ့သည့်တစ်ပိုင်းလျှပ်ကူးပစ္စည်းများအပေါ် အခွန်သတ်မှတ်မှုပထမအဆင့်သည် စင်ကာပူနိုင်ငံအတွက် အနည်းငယ်သာ သက်ရောက်နိုင်ကြောင်း၊ တစ်ပိုင်းလျှပ်ကူးပစ္စည်းအမျိုးစားအနည်းငယ်အပေါ်သာ အကျုံးဝင်ပြီး ယခု အကျုံးဝင်သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းအမျိုးအစားများမှာ လက်ရှိတွင် စင်ကာပူနိုင်ငံ၌ ထုတ်လုပ်ခြင်းမရှိကြောင်း၊ အမေရိကန်နိုင်ငံ၏ အခွန်နှုန်းသတ်မှတ်လာနိုင်မှုအခြေအနေများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source : The Straits Times**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,719 (Shares) | 5,832,300 (MMK) |

### Stock trading

| Name | Code | Close | Change | %Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 0 | 0 | 33,109,694 | 281,432 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 269 | 1,009,500 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 60 | 480,000 | 10,400,986 | 83,208 |
| FPB | 00004 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 100 | 275,000 | 29,664,613 | 81,578 |
| TMH | 00005 | 3,250 | +50 | +1.56% | 3,250 | 3,250 | 3,250 | 7 | 22,750 | 12,823,224 | 41,676 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,650 | 1,650 | 1,600 | 2,023 | 3,237,950 | 19,977,223 | 31,964 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 1 | 4,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 259 | 802,900 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 29th Jan. 2026

### Today's summary

| Index name | Close | Change | %Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.54 | -0.50 | -0.12% | 417.38 | 417.38 | 415.51 | 2,719 | 5,832,300 | 8 | 785,674 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 p.m. 29th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 3,522 (Shares) | 15,948,300 (MMK) |

## Main Board

As of 1:00 p.m. 29th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,719 (Shares) | 5,832,300 (MMK) |

| MYANPIX | 416.54 ▼0.50 |
|---|---|
| Total Volume (shares) | 2,719 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 785,674 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲0 |
| MTSH | 00002 | 3,800 | ▲50 |
| MCB | 00003 | 8,000 | ▼100 |
| FPB | 00004 | 2,750 | ▼50 |
| TMH | 00005 | 3,250 | ▲50 |
| EFR | 00006 | 1,600 | ▼50 |
| AMATA | 00007 | 4,200 | ▲0 |
| MAEX | 00008 | 3,100 | ▲0 |